# ဘုရားသခင်မှုတ်သွင်းတော်မူသောသမ္မာကျမ်းစာအုပ်

စာရေးသူအတော်များများသည် သူတို့ရေးသောစာများကို ဘုရားသခင်မှုတ်သွင်းတော်မူသည်၊သို့မဟုတ်ဘုရားသခင်၏ခိုင်းစေခြင်းခံရသဖြင့်ရေးသားပါသည်ဟုပြောတတ်လေ့ သို့မဟုတ်တင်စားလေ့ရှိတတ်ကြပါသည်။ သို့သော်မိတ်ဆွေမယုံမရှိပါနဲ့ ကမ္ဘာပေါ်မှာရေးသားပြီးခဲ့သမျှသော ရှိရှိသမျှစာအုပ်များထဲတွင် အမှန်တကယ်ဘုရားသခင်မှုတ်သွင်းတော်မူသောစာအုပ်တစ်အုပ်သာရှိပါသည်။ ထိုစာအုပ်မှာသမ္မာကျမ်းစာအုပ်ဖြစ်ပါသည်။ ထိုကျမ်းစာအုပ်သည် ဘုရားသခင်ကလောကီသားတို့ကိုမည်မျှချစ်တော်မူကြောင်းနှင့်၊ အပြစ်နွံထဲတွင်သံသရာလည်ကာပျက်စီးခြင်းသို့ရောက်မည့် သူချစ်သောလူသားများကိုကယ်တင်ရန်အတွက် သူ(ဘုရားသခင်)၏မဟာစီမံကိန်းများအကြောင်းကိုရေးသားထားသည့် သန့်ရှင်းမြင့်မြတ်သော အံ့ဩဘွယ်ရာကောင်းသည့်စာအုပ်ဖြစ်ပါသည်။ အံ့ဩဘွယ်ရာ ကောင်းသည့် အဖြစ်တစ်ခုရှိပါသေးသည်၊ ၎င်းမှာ ထိုကျမ်းစာအုပ်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းပင်တည်း။

ပထမဦးဆုံးကျမ်းစာအုပ်များကို ဟေဗြဲဘာသာ၊ အရေမိဘာသာ၊နှင့်ဂရိဘာသာ စကားတို့ဖြင့်ရေးသားထားသည်။ အထက်တွင်ဖော်ပြပြီးခဲ့သကဲ့သို့ပင် ကျမ်းစာကိုရေးသူများသည် ဘုရားသခင်တိုက်ရိုက်ဖော်ပြရေးသားခိုင်းသည်များကို ရေးသားကြခြင်းဖြစ်သည်။ တိမောသေဩဝါဒ ဒုတိယစောင် ၃း၁၆ တွင် ''***<u>ထိုကျမ်းစာရှိသမျှသည်ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ် ၊–</u>***'' ဟုဖော်ပြထားသည်ကိုကြည့်ခြင်းအားဖြင့် ရှင်းလင်းစွာသိရှိနိုင်သည်။ ရှင်ပေတရုသည် ဤအကြောင်းကို ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၁း၂၀–၂၁တွင်ဤသို့ရှင်းလင်းစွာဖော်ပြထားကြောင်းကိုလည်းလေ့လာတွေ့ရှိနိုင်ပါသည်။ ''***<u>ကျမ်းစာ၌ပါသောအနာဂတ္တိ စကားမည်သည်ကား၊ ကိုယ်အလိုအလျောက်အနက်မပေါ်ဟုရှေးဦးစွာသိမှတ်ကြလော့။– အကြောင်းမူကားအနာဂတ္တိစကားသည်လူအလိုအားဖြင့်ဖြစ်ဘူးသည်မဟုတ်။ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ ဟောပြောကြ၏</u>***'။

သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းတော်မူခြင်းကိုခံရ ဟောပြောကြ၏– ဟုဆိုသည့်အပိုဒ်သည် ကျမ်းစာဖြစ်ပေါ်လာခြင်းသမိုင်း၏အဓိက သော့ချက်ဖြစ်လေသည်။ လွန်ခဲ့သောနှစ် ထောင်ပေါင်းများစွာကဘုရားသည် မောရှေ၊ ဒါဝိဒ်၊ ဟေရှာယ၊ ယေရမိ၊ ယေဇကျေလ နှင့်ဒံယေလကဲ့သို့သောပုဂ္ဂိုလ်များကို ရွေးချယ်လျက်သူ၏နှုတ်တော်ထွက်စကားများကို ရေးသားစေခဲ့သည်။ ထိုသူတို့ရေးသားသော ထိုစာများသည်ဓမ္မဟောင်းကျမ်းစာတွင်ပါရှိသည့် အခန်းများ သို့မဟုတ်စာအုပ်များဖြစ်လာသည်။

လွန်ခဲ့သောနှစ်ပေါင်း၂၀၀၀ ခန့်ရောက်သောအခါ ဘုရားသခင်သည် ရှင်မသဲ၊ ရှင်မာကု၊ ရှင်ယောဟန်နှင့် ရှင်ပေါလုတို့ကိုပြန်လည်ရွေးချယ်ပြီး ဘုရားသခင်၏သားတော်သခင်ယေရှုအားဖြင့် လူသားအားလုံးကယ်တင်ခြင်း ရရှိမည့်အကြောင်း သတင်းကောင်းကိုရေးသားစေခဲ့သည်။ ထိုသူတို့အားဖြင့်ပေါ်ထွက်လာသည့် စာအုပ်များကိုစုပေါင်းလျက်ဓမ္မသစ်ကျမ်း ဟုဖြစ်ပေါ်လာရသည်။

ဘုရားသခင်သည် သူရွေးချယ်ခဲ့သော ဤ လူသားများအား သူ၏နှုတ်ကပတ်တော်ကိုနည်းမျိုးစုံဖြင့်ဖော်ပြခဲ့သည်။ ဓမ္မဟောင်းကျမ်းထဲမှ အချို့သောသူများသည် သူတို့ရေးရမည့်ဘုရား၏နှုတ်ကပတ်တော်များကို ဘုရားသခင်ထံ မှတိုက်ရိုက်ရယူခဲ့ရသည်။ မောရှေသည် ဆိုင်းနိုင်းတောင်ထိပ်၌ ဘုရားသခင်နှင့်တွေ့ခဲ့ပြီး ကျောက်ပြားပေါ်တွင်ထွင်းရေးထားသော ပညတ်တော် ၁၀ ပါးကို ဘုရားသခင်ထံမှရရှိခဲ့သည်။ ဒါဝိဒ်မင်းကြီးသည် သူ၏ဆာလံသီချင်းများကိုစပ်ဆိုခဲ့စဉ်တွင် ဘုရားသခင်ထံမှရရှိသောတန်ခိုးတော်အားဖြင့် နောင်နှစ်ပေါင်း ၁၀၀၀ ကျော်ကြာမည့်အချိန် (သခင်ယေရှုမွေးဖွါးမည့်အချိန်)တွင်ဖြစ်ပျက်မည့်အကြောင်းအရာတို့ကို ကြိုတင်သိမြင်နိုင်ခဲ့သည်။ ဘုရားသခင်သည် သူ၏ပရောဖက်ကြီးများဖြစ်သည့် ဟေရှာယ၊ ယေရမိ တို့အားသူတို့ပြောရမည့် စကားများကို တိုက်ရိုက်နှုတ်တော်အားဖြင့် အမိန့်ပေးကာပြောစေခဲ့သည်။ ထို့ကြောင့် သူတို့၏နှုတ်ပါးစပ်မှအသံထွက်လာသော်လည်း၊ ထိုအသံ၊ စကားလုံးများသည်ဘုရားသခင်ထံတော်မှဖြစ်သည်။ ထို့ကြောင့် ဓမ္မဟောင်းကျမ်း ကိုလေ့လာကြည့်မည်ဆိုလျှင် ပရောဖက်တို့သည်တစုံတခုကိုဟောမည်ပြုတိုင်း ''ထာဝရဘုရားမိန့်တော်မူသည်ကား...''ဟူသည့်စကား ကိုသုံးလေ့ရှိသည်ကို ထပ်ခါထပ်ခါတွေ့ရသည်။

အချို့သောပရောဖက်များဖြစ်သည့် ယေဇကျေလ နှင့်ဒံယေလ တို့ကိုမူ အိပ်မက်များအားဖြင့်၎င်း၊ ရူပါရုံများကိုမြင်စေခြင်းအားဖြင့်၎င်း ဘုရားသခင်က သူ၏နှုတ်ကပတ်တော်ကိုသိမြင်စေခဲ့သည်။ ထိုသူတို့သည်သူတို့အိပ်မက်တွင်ဖြစ်စေ၊ရူပါရုံအားဖြင့်ဖြစ်စေ၊ တွေ့သမျှမြင်သမျှတို့ကိုနားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ဖြစ်ကြောင်းကုန်စင်ကို တိတိကျကျရေးသားကာ မှတ်တမ်းတင်ခဲ့သည်။ ဓမ္မဟောင်းခေတ်မှ အချို့သောပရောဖက်ကြီးများဖြစ်သည့် ရှမွေလ၊ ဇေရ တို့ကိုအစ ရေးလ်တို့၏ သမိုင်းဖြစ်ကြောင်းစဉ် ကိုတိတိကျကျမှတ်တမ်းတင်စေခဲ့သည်။

ဓမ္မဟောင်းကျမ်း၏ နောက်ဆုံးစာအုပ်ဖြစ်သည့်မာလခိအနာဂတ္တိကျမ်းကို ရေးသားပြီးနှစ်ပေါင်း၄၀၀ ကြာသည့်အချိန်တွင် ဘုရားသခင်၏သားတော်သခင်ယေရှုသည် လောကသို့ဆင်းကြွလာသည်။ သခင်ယေရှု၏ဒေသနာများကိုလေ့လာကြည့်လျှင်လည်း သူလောကသို့လူဇာတိခံယူကာမဆင်းသက်ခင်က ရှိနှင့်ပြီးဖြစ်သော ကျမ်းစာအုပ်ကိုမပြစ်ပယ်ဘဲ လေးလေးစားစားထောက်ခံပြောဆိုခဲ့ခြင်းကိုကြည့်ခြင်းအားဖြင့်၊ ကျမ်းစာကို ဘုရားသခင်မှုတ်သွင်းတော်မူခဲ့ကြောင်းကို သွယ်ဝိုက်သောနည်းအားဖြင့်သိစေခဲ့ပါသည်။'' ***<u>ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကိုဖျက်ပယ်ခြင်းငှါ ငါလာသည်မဟုတ်၊ ပြည့်စုံစေခြင်းငှါ ငါလာသတည်း။ ငါအမှန်ဆိုသည်ကား ကောင်းကင်နှင့်မြေကြီးမပျက်စီးမှီတိုင်အောင်၊ပညတ္တိကျမ်း၌အငယ်ဆုံးသောစာလုံးဖို့န္ဒုတလုံးမျှပြည့်စုံခြင်းသို့ မရောက်မှီမပျက်စီးရ။–ထို့ကြောင့်အကြင်သူသည်၊ အငယ်ဆုံးသောပညတ်တခုကို ကိုယ်တိုင်လွန်ကျူး သူတပါးတို့အားလည်း ထိုအတူသွန်သင်၏။ ထိုသူသည်ကောင်းကင်နိုင်ငံတော်၌ အငယ်ဆုံးသောသူဖြစ်လိမ့်မည်။–အကြင်သူသည်ကိုယ်တိုင်ကျင့် သူတပါးတို့အားလည်းသွန်သင်၏။ ထိုသူသည် ကောင်းကင်နိုင်ငံတော်၌ ကြီးသောသူဖြစ်လိမ့်မည်။</u>***''(မသဲ ၅း၁၇–၁၉)

***ပညတ္တိကျမ်း၌အငယ်ဆုံးသောဗိန္ဒုတလုံး ပျက်စီးလွယ်သည်ထက်ကောင်းကင်နှင့် မြေကြီးပျက်စီးလွယ်၏။*** (လုကာ ၁၇း၁၇)။

ထို့အပြင်အောက်ပါကျမ်းပိုဒ်ကိုလေ့လာကြည့်ခြင်းအားဖြင့် သခင်ယေရှုသည်ဓမ္မဟောင်းကျမ်းစာမှသူ့အကြောင်းကို ကြိုတင်ရေးသားခဲ့ချက်များသည်မှန်ကန်ကြောင်း ထောက်ခံပြောဆိုခဲ့သည်''***တဖန်မိန့်တော်မူသည်ကား မောရှေ၏ပညတ္တိကျမ်းစာ၌၄င်း၊ပရောဖက်တို့၏ကျမ်းစာ၌၄င်း၊ဆာလံကျမ်းစာ၌၄င်း၊ငါ့ကိုရည်မှတ် ရေးထားသမျှသော အချက်တို့သည်ပြည့်စုံရမည်ဟုငါသည်သင်တို့နှင့်အတူရှိစဉ်အခါသင်တို့အားဟောပြောသောအကြောင်းအရာတို့ကား၌အကြောင်းအရာပေတည်းဟုမိန့်တော်မူ၏***'' (လုကာ ၂၄း၄၄)။

ဓမ္မသစ်ကျမ်းကိုရေးသားသူများသည်လည်း ကျမ်းစာသည် ဘုရားသခင်မှုတ်သွင်းတော်မူသောကျမ်းဖြစ်ကြောင်းအတည်ပြုထောက်ပြထားကြသည်ကိုတွေ့နိုင်သည်။ တမန်တော်ရှင် ပေါလုသည် တိမောသေဩဝါဒစာဒုတိယစောင် ၃း၁၆ တွင်အောက်ပါအတိုင်းဖော်ပြထားသည်။ ''***ထိုကျမ်းစာရှိသမျှသည်ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ် ၊–***'' ။တမန်တော်ရှင်ပေါလုသည် ဤနေရာတွင်သူရည်ညွှန်းထားသောကျမ်းစာဆိုသည်မှာ ဓမ္မဟောင်းကျမ်းစာဖြစ်မည်မှာယုံမှားဘွယ်ရာမရှိချေ။ တမန်တော် ရှင်ပေတရုကလည်း ဓမ္မဟောင်းကျမ်းစာထဲမှ ပရောဖက်များသည် ဘုရားသခင်ထံမှအမိန့်များ စေခိုင်းချက်များကိုသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ရရှိခဲ့ကြသည်ဟု ဖော်ပြခဲ့ဘူးသည်။ ထို့ကြောင့်ဓမ္မဟောင်းကျမ်းစာသည် ဘုရားသခင်မှုတ်သွင်းတော်မူသောကျမ်းစာအုပ်ဖြစ်ကြောင်း သိသာလှပေသည်။

ဓမ္မသစ်ကျမ်းစာသည်လည်း ဘုရားသခင် မှုတ်သွင်းတော်မူသောကျမ်းစာဖြစ်သည်။ သခင်ယေရှုသည်သံလွင်တောင်ပေါ်မှချီဆောင်ခြင်းကိုမခံရခင်တွင်၊တပည့်တော်တို့အားလမ်းပြပို့ဆောင်ပေးရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်ကိုစေလွှတ်မည်ဖြစ်ကြောင်းကတိပေးခဲ့သည်။ (ရှင်ယောဟန် ၁၄း၂၆) ''***ခမည်းတော်သည် ငါ့အတွက်ကြောင့်စေလွှတ်တော်မူသော ဥပဇ္ဈာယ်ဆရာတည်းဟူသောသန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့အားခပ်သိမ်းသော အရာတို့ကိုပြသသွန်သင်တော်မူ ငါပြောခဲ့သမျှသောစကားတို့ကိုမှတ်မိသောဉာဏ်ကိုသင်တို့အားပေးတော်မူမည်။***''

(ရှင်ယောဟန် ၁၅း၂၆)။'' ***ခမည်းတော်ထံမှထွက်လာ သမ္မာတရားနှင့်ပြည့်စုံသော ဝိညာဉ်တော်တည်းဟူသောခမည်းတော်ထံမှသင်တို့ထံသို့ငါစေလွှတ်လတံ့သောဥပဇ္ဈာယ်သည်ရောက်လာသောအခါငါ၏အကြောင်းကိုသက်သေခံလိမ့်မည်။*** ''

(ရှင်ယောဟန် ၁၆း၁၃–၁၅) ***သမ္မာတရားနှင့် ပြည့်စုံသောထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကိုသင်တို့အားအကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည်ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကိုဟောပြောလိမ့်မည်။ နောင်လာလတံ့သောအရာတို့ကိုလည်းသင်တို့အားဘော်ပြလိမ့်မည်။***''

ဤကျမ်းပိုဒ်များကို ဖတ်ရှုလေ့လာကြည့်ခြင်းအားဖြင့် ဓမ္မသစ်ကျမ်းကိုရေးသားခဲ့သူများသည် သူတို့ကြုံခဲ့၊တွေ့ခဲ့၊ ကြားခဲ့ရသမျှတို့ကို ဝိုးတိုးဝါးတား မှတ်မိတဝက်၊ မမှတ်မိတဝက်ဖြင့် ထင်ရာကိုရေးသားထားခဲ့ခြင်းမဟုတ်ဘဲ၊ သူတို့ ကြုံခဲ့ကြားခဲ့သမျှတို့ကိုတိတိကျကျပြန်ရေးသားနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်က လမ်းပြပို့ဆောင်ကာ၊မှတ်မိကူညီပေးလျက်ရှိသည် ကိုသိရှိနိုင်သည်။

နောက်မှတ်သားစရာကောင်းသည့်တချက်မှာ ဘုရားသခင်၏မှုတ်သွင်းခြင်းသည် စာရေးမည့်သူ ကလောင်ကိုကိုင်ပြီးပေရွက်ပေါ်တွင်စာရေးရန်အတွက်စတင်လိုက်သည့်အချိန်မှသာ စတင်သည်မဟုတ်ချေ။ ရှင်မဲ၊ ရှင်ပေ တရု၊ နှင့်ရှင်ယောဟန်တို့သည် သခင်ယေရှုနှင့်ပထမဦးဆုံးတွေ့ဆုံခဲ့သည့်အချိန်မှစပြီး နောင်တွင်သူတို့အသီးသီးရေးသားမည့်အရာများကို မှုတ်သွင်းခြင်းခံနေပြီဖြစ်သည်။ သူတို့သည် သခင်ယေရှုသွားလေရာနောက် တကောက်ကောက်လိုက်ပါခြင်းအားဖြင့် ကြုံရသမျှသော အတွေ့အကြုံများသည် သူတို့၏နှလုံးပြင်ပေါ်တွင်ထွင်းထားသကဲ့သို့ မပျောက်မပျက်တည်နေလေသည်။

ထို့ကြောင့်ရှင်ယောဟန်သည်(ယော ၁း၁၄) တွင် ''***နှုတ်ကပတ်တော်သည်လည်းလူဇာတိ အဖြစ်ခံယူ ၊ ကျေးဇူးတော်နှင့်၄င်း၊သစ ၁တော်နှင့်၄င်းပြည့်စုံတော်မူလျက် 'ငါတို့' တွင်တည်နေတော်မူသည်ဖြစ်*** '' ဟုဖော်ပြထားခြင်းဖြစ်သည်။ အင်္ဂလိပ်ကျမ်းစာတွင် We ဟုသုံးသုံးနှုန်းထားပြီး မြန်မာကျမ်းစာအုပ်တွင် 'ငါတို့' ဟုသုံးစွဲထားသည်ကိုကြည့်ခြင်းအားဖြင့်၊ သူတစ်ယောက်ထဲမဟုတ်ဘဲသခင်ယေရှု၏ သုံးနှစ်တာအမှုတော်သက်တမ်းတွင် သူနှင့်အတူထပ်ကြပ်မကွာလိုက်ပါလျက်ရှိသော တမန်တော်များတို့ကိုဆိုလိုခြင်းဖြစ်သည်မှာသိသာလှပေသည်။ ရှင်ယောဟန်ဩဝါဒ ပဌမစောင် ၁း၁–၂ တွင်ပိုမို ရှင်းလင်းစွာရေးသားထားသည်။ ''***ရှေးဦးစွာကပင်ဖြစ် ၊ငါတို့သည်ကိုယ်တိုင်ကြားလျက်၊ ကိုယ်မျက်စိနှင့်မြင်လျက်၊စေ့စေ့ကြည့်ရှု လက်နှင့်စမ်းသပ်ခဲ့ပြီးသောအရာတည်းဟူသောအသက်ရှင်သောနှုတ်ကပတ်တော်နှင့်ဆိုင်သောအရာကိုသင်တို့အားပြသကြ၏။–ထိုအသက်သည်ထင်ရှားခဲ့ပြီ။ ငါတို့လည်းမြင်ရကြပြီ။–ခမည်းတော်နှင့်အတူရှိဘူး ၊ ငါတို့အားထင်ရှားခဲ့ပြီးသောထိုထာဝရအသက်ကိုငါတို့သည်သင်တို့အားပြသကြ၏။***'' ဤကျမ်းချက်တွင် 'လက်နှင့်စမ်းသပ်ခဲ့ပြီးသော' 'ထင်ရှားခဲ့ပြီးသော' ဟူသည့်အသုံးအနှုန်းများကို ကြည့်ခြင်းအားဖြင့် (အင်္ဂလိပ်ကျမ်းစာတွင် perfect tense ဖြင့်သုံးနှုန်းထားသည်) အတိတ်ကာလတွင်ဖြစ်ပျက်ထားခဲ့ပြီးသော အကြောင်းအရာများကိုပြန်လည်ရေးသားခြင်းဖြစ်သည် ကိုသိနိုင်သည်။ ရှင်ယောဟန်သည်သခင်ယေရှုသက်တော်ထင်ရှားစဉ်က သူတို့နှင့်အတူ သွားလာလှုပ်ရှားခဲ့ပုံများကို အသက်ထက်ဆုံး မမေ့ပျောက်နိုင်ခဲ့ပါ။ တနည်းအားဖြင့်သူတို့သည် သခင်ယေရှုနှင့်အတူသွားလာလှုပ်ရှားခဲ့ရင်း တချိန်တည်းမှာပင် နောင်တွင်ကျမ်းစာဖြစ် လာမည့်အဖြစ်အပျက်များကိုမှုတ်သွင်းခြင်း ခံရကာသခင်ယေရှုချီဆောင်တော်မူခြင်းခံရပြီးသည့်နောက်နှစ်ပေါင်းအတန်ကြာသောအခါမှ သူတို့၏နှလုံးသားတွင်မှုတ်သွင်းခြင်းခံရသော အရာများကိုပြန်လည်ရေးသားခြင်းဖြစ်သည်။ မဲနှင့်ပေတရု (ရှင်မာကုခရစ်ဝင်ကိုရေးသားရာတွင်အဓိကနေရာမှပါဝင်သည်ဟုယူဆရသည်) တို့သည်လည်း ထိုနည်းတူပင်သက်တော်ထင်ရှားစဉ်ကာလကပင် မှုတ်သွင်းခြင်းခံရသည်ဟုဆိုရပေမည်။ လုကာသည် သခင်ယေရှုသက် တော်ထင်ရှားစဉ်က အတူမရှိခဲ့သော်လည်းမျက်မြင်သက်သေများထံမှအချက်များကို ပြန်လည်စုစည်းပြီးရှင်လုကာခရစ်ဝင်ကျမ်းကိုပြုစုခဲ့ကြောင်း လုကာ ၁း၁–၄ ကိုလေ့လာခြင်းဖြင့်သိရှိနိုင်သည်။

ဩဝါဒစာစောင်များကိုလည်း ဘုရားသခင် မှုတ်သွင်းခဲ့ကြောင်းကို လေ့လာသိရှိနိုင်ပါသည်။ ဩဝါဒစာစောင်များကိုအများဆုံး ရေးသားခဲ့သူရှင်ပေါလုက သခင်ယေရှုနှင့်တွေ့ဆုံခဲ့ချိန်မှစပြီးပြောင်းလဲခဲ့ကြောင်း (တနည်းအားဖြင့်မှုတ်သွင်းခြင်းခံရသည်ဟုလည်းဆိုနိုင်သည်)

ကြိမ်ဖန်များစွာပင်ရေးသားခဲ့သည်ကို တွေ့ရှိနိုင်သည်။ (၁ကော ၁၅း၈–၁၀ကိုဖတ်ရှုရန်)ရှင်ပေတရုသြဝါဒစာစောင်များကိုရေးသားခဲ့သူရှင်ပေတရုသည်လည်း ခရစ်တော်သက်တော်ထင်ရှားခဲ့စဉ်တွင် အတူတကွသွားလာလှုပ်ရှားရာမှ မြင်တွေ့ခဲ့ရသည်များကိုပြန်လည်ရေးသားခဲ့ခြင်းဖြစ်ကြောင်းကို အောက်ပါကျမ်းချက်များကိုလေ့လာခြင်းအားဖြင့်သိရှိ နိုင်သည်။

''***သင်းအုပ်အရာ၌၄င်း၊ ခရစ်တော်၏ဆင်းရဲဒုက္ခဝေဒနာကိုသိမြင်သောသက်သေအရာ၌၄င်း ခန့်ထားသောသူထင်ရှားစေတော်မူလတံ့သောဘုန်းအသရေကိုဆက်ဆံသောသောသူဖြစ်သောငါပေတရုသည်၊ သင်တို့တွင်ရှိသောသင်းအုပ်ချင်းတို့ကိုတောင်းပန်ပါ၏***'' (၁ ပေ ၅း၁)။

''***ငါတို့သခင်ယေရှုခရစ်၏တန်ခိုးတော်ကို၄င်း၊ ကြွလာတော်မူခြင်းကို၄င်း၊ သင်တို့အားကြားပြောသောအခါ ငါတို့သည်ပရိယာယ်နှင့်ပြင်ဆင်သောဒဏ္ဍာရီစကားကိုမလိုက်၊ ဘုန်း အာနုဘော်တော်ကိုကိုယ်တိုင်မြင်သောသူဖြစ်ကြ၏***'' (၂ပေ ၁း၁၆)။

ရှင်ယာကုပ်ကိုမူ သခင်ယေရှုနှင့်သွားလာလှုပ်ရှားသည်ဟု ကျမ်းစာတွင်တိုက်ရိုက်ဖော်ပြထားခြင်းမရှိသော်လည်း ၁ကော ၁၅း၇ ကိုဖတ်ရှုခြင်းအားဖြင့် သူသည်လည်းသခင်ယေရှုနှင့်နီးနီးကပ်ကပ်သွားလာလှုပ်ရှားခဲ့သူတစ်ဦးဖြစ်ကြောင်းသိနိုင်ပါသည်။ ထို့ကြောင့်ဓမ္မသစ်ကျမ်းကိုရေးသားခဲ့သူအားလုံး (ဟေဗြဲသြဝါဒစာ ကိုရေးသူကိုအတိအကျမသိရချေ) သည်သခင်ယေရှုသက်တော်ထင်ရှားစဉ်တွင်ပင်နီးနီးကပ်ကပ်သွားလာလှုပ်ရှားရင်း နောင်တွင်သူတို့ရေးသားမည့်ကျမ်းစာများကိုမှတ်သွင်းတော်မူခြင်းကိုခံရသည်။ တနည်းအားဖြင့်သူတို့နှင့်သခင်ယေရှု၏ဆက်ဆံရေးသည် ဓမ္မသစ်ကျမ်း ကိုရေးသားပြုစုသူများဖြစ်ရန် အဓိကတွန်းအားပင်ဖြစ်သည်။ မြောက်များလှစွာသောစာရေးသူများနှင့် ဓမ္မသစ်ကျမ်းကိုရေးသည့်စာရေးသူများ၏မတူနိုင်သည့် အဓိကခြားနားချက်မှာလည်း ထိုသူတို့၏သခင်ယေရှုနှင့်မျက်မြင်လက်တွေ့အတူတကွ ထိတွေ့ သွားလာခဲ့ကြသည့်အတွေ့အကြုံများပင်ဖြစ်သည်။

၁ကော ၂း၁၀–၁၃ ကိုထပ်မံလေ့လာ ကြည့်လျှင်

''***ထိုအရာတို့ကိုဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့်ငါတို့အားဘော်ပြတော်မူ၏။ ဝိညာဉ်တော်သည်ဘုရားသခင်၏နက်နဲသောအရာတိုင်အောင်ခပ်သိမ်းသောအရာတို့ကိုစစ်တော်မူ၏။–လူ၏နက်နဲသောအရာကိုလူ၌ရှိသောမိမိစိတ်ဝိညာဉ်မှတပါးအဘယ်သူသိသနည်း။ ထိုနည်းတူဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်မှတပါးအဘယ်သူမျှမသိ။–ငါတို့သည်လောကီဝိညာဉ်ကိုမခံရကြ။ ဘုရားသခင်ပေးတော်မူသောအရာတို့ကိုသိခြင်းအလို့ငှါဘုရားသခင်ထံမှကြွလာသောဝိညာဉ်ကိုခံရကြပြီ။***''

အထက်ပါကျမ်းချက်ကိုကြည့်ခြင်းအားဖြင့် ဘုရားသခင်၏နက်နဲသောအကြောင်းအရာများကိုရေးသားထားသည့် ကျမ်းစာကိုရေးသားရန်အတွက်လူ၏အသိ ဉာဏ်ပညာနှင့်မဖြစ်နိုင်ကြောင်းနှင့်ထိုနက်နဲသောအကြောင်းအရာများကိုရေးသားနိုင်ရန်အတွက် ဝိညာဉ်တော်ကဖော်ပြပေးကြောင်းသိရှိနိုင်သည်။

ဥပမာအားဖြင့်ဝိညာဉ်တော်ကရှင်ယောဟန်ကို သခင်ယေရှုသည်လူသားတို့အား ထာဝရအသက်ကိုရစေခြင်းအလို့ငှါ ဤလောကသို့ဆင်းကြွလာသည့်အကြောင်းကိုနည်းမျိုးစုံဖြင့်ဖော်ပြပေးခဲ့သည်။

''***ထိုနှုတ်ကပတ်တော်၌အသက်ရှိ၏***'' (ယော ၁း၄) ဟူ ၄င်း၊–

''***ငါပေးသောရေသည်ထိုသူ၌ထာဝရအသက်ရှင်ခြင်းအလို့ငှါထွက်သောစမ်းရေဖြစ်လိမ့်မည်ဟုမိန့်တော်မူ၏***'' (ယော၄း၁၄)ဟူ ၄င်း၊–

''***ငါသည်အသက်မုန့်ဖြစ်၏***'' (ယော ၆း၄၈) ဟူ ၄င်း၊–

''***တဖန်တုံ၊ယေရှုကငါသည်ဤလောက၏အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ၊ အသက်၏အလင်းကိုရလိမ့်မည်ဟုမိန့်တော်မူ၏။***'' (ယော ၈း၁၂) ဟူ ၄င်း၊–

'' ***ယေရှုကလည်း၊ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။–ငါ့ကိုယုံကြည်သောသူသည်သေလွန်သော်လည်းရှင်လိမ့်မည်။***" (ယော ၁၁း၂၅) ဟူ ၄င်းနည်းမျိုးစုံဖြင့်ဖော်ပြပေးခဲ့သည်ကိုတွေ့ရှိရသည်။ ထိုကျမ်းချက်များအားလုံး၏အဓိကဆိုလိုရင်းအဓိပ ါယ်မှာ လူသားအားလုံးအပယ်ငရဲမှလွတ်မြောက်ကာထာဝရအသက်ကိုရစေရန် ဟူသောအချက်သည် သခင်ယေရှုလောကသို့ဆင်းကြွလာခြင်း၏ အဓိကနှင့်တခုတည်းသော အချက်ဖြစ်သည်ဟုဆိုနိုင်ပါသည်။ တနည်းအားဖြင့်ဝိညာဉ်တော်၏ဖော်ပြချက်ကို စာရေးသူတို့ကသူတို့၏ကိုယ်ပိုင်အသုံးအနှုန်းဝေါဟာရများဖြင့်ကွန့်ကာ၊ တင်စားကာရေးသားသည်ကို တွေ့ရသည်။

ထို့အတူတမန်တော်ရှင်ပေါလုကလည်း၊–

''***စစ် မကုန်နိုင်သောခရစ်တော်၏ကြွယ်ဝပြည့်စုံခြင်း***'' (ဧဖက် ၃း၈) ဟူ ၄င်း၊–

''***ထို(ခရစ်တော်၏) နက်နဲသောအရာ၌ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည်ဝှက်ထားလျက်ရှိကြ၏***'' (ကောလောသဲ၂း၃) ဟူ ၄င်း၊–

''***အကြောင်းမူကား ဘုရားသခင်၏ဇာတိအဖြစ်တော်(လူသားဖြစ်ခြင်း)၏ပြည့်စုံခြင်းအပေါင်းသည်ခရစ်တော်၌ကိုယ်ထင်ရှား ကျိန်းဝပ်တော်မူ၏။–***'' (ကောလောသဲ ၂း၉) ဟူ ၄င်းယေရှုခရစ်သည်ဘုရားဖြစ်သည်ဟူသောဝိညာဉ်တော်၏ဖော်ပြချက်ကို သူ၏ကိုယ်ပိုင်ဝေါဟာရအသုံးအနှုန်းဖြင့်ကွန့်ကာတင်စားကာဖော်ပြခဲ့သည်။

ထို့ကြောင့်သမ္မာကျမ်းစာဆိုသည်မှာဘုရားသခင်မှုတ်သွင်းတော်မူသောလူသားတို့ရေးသား သည့်ကျမ်းဖြစ်သည်။ ဘုရားသခင်ကသူရွေးချယ်သောလူသားတို့ကို စက်ရုပ်များသဖွယ် အသုံးပြုလျက်ရေးသားစေခြင်းဖြစ်သည်။ ထို့ကြောင့်သမ္မာကျမ်းစာသည်ရာနှုန်းပြည့်ဘုရားသခင်ထံတော်ပါးမှလာသောစာ၊ ဘုရားစာဖြစ်သကဲ့သို့ရာနှုန်းပြည့်လူသားတို့၏လက်ဖြင့်ရေးသားထားသော၊ ကျမ်းစာအုပ်လည်း ဖြစ်ကြောင်းတင်ပြလိုက်ရပါသည်။

နာမတော်မြတ်၌

သောင်းနိုး။